# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 11 , 2022 | Volume 59, Number 6


**၁၁.၁၀.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၆၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၉၀၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၃၆.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၅၉.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၁၈.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၁၆.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၆၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၀၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၃၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၉.၃၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၄.၉၉၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပြည်ပသို့နယ်စပ်ဒေသများမှ တရားမဝင်ဆန်တင်ပို့မှုများကိုတားဆီးရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌပြောကြား

ပြည်ပသို့ နယ်စပ်ဒေသများမှ တရားမဝင် ဆန်တင်ပို့မှုများကို တားဆီးကာကွယ်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အောက်တိုဘာ ၇ ရက်က ပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး ဆန်ကိုအဓိကစိုက်ပျိုး၍ ပဲနှင့်ဆီထွက်သီးနှံများကိုလည်း စိုက်ပျိုးသည့် နိုင်ငံဖြစ်ကြောင်း၊ ဆန်သည် မိမိတို့နိုင်ငံ၏ အဓိကထုတ်ကုန်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဆန်ကောင်းစွာ ထုတ်လုပ်နိုင်သော နိုင်ငံဖြစ်သဖြင့် Food Security အတွက် နိုင်ငံ၏ ဂုဏ်သိက္ခာတစ်ခုပင်ဖြစ်ကြောင်း၊ နိုင်ငံတကာသို့ ဆန်များပေါများစွာ တင်ပို့နိုင်မည်ဆိုပါက လူအများ၏စားရေး Food Security ကို တာဝန်ယူနိုင်သည့် အခန်းကဏ္ဍတွင် ပါဝင်မည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြောကြားသည်။

ထို့ပြင် မိမိတို့နိုင်ငံတွင် မိုးစပါးနှင့် နွေစပါးများစိုက်ပျိုးပြီး စိုက်ပျိုးဧက ၁၇ သန်းကျော်ခန့်ရှိကြောင်း၊ နိုင်ငံအတွင်းလူဦးရေ ၅၅ သန်းခန့်ရှိကြောင်း၊ စပါးအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက ယခုထက်ပိုမို၍ ဆန်များပြည်ပသို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ပြည်ပသို့ နယ်စပ်ဒေသများမှ တရားမဝင် ဆန်တင်ပို့မှုများကိုလည်း တားဆီးကာကွယ်ဆောင်ရွက်ရန်လိုကြောင်း၊ ဆန်ကို ပြည်ပသို့ တရားဝင်တင်ပို့ရန် ခွင့်ပြုပေးထားပြီး ရန်ကုန်၊ ပုသိမ်၊ စစ်တွေ၊ မော်လမြိုင်စသည့် ပင်လယ်ဆိပ်ကမ်းများမှ တင်ပို့ခြင်းဖြင့် ဆိပ်ကမ်းလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ရေးအတွက် ရထားပို့ဆောင်ရေးနှင့် မြစ်ကြောင်းပို့ဆောင်ရေးများဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်ရထားလမ်းများ ကောင်းမွန်စေရေး အဆင့်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ အလားတူလမ်းများအားလုံး ချောမွေ့ကောင်းမွန်နေစေရေး အဆင့်မြှင့်တင်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ထို့အတူ စိုက်ပျိုးရေးလုပ်ငန်းများအတွက်လည်း လူသားအရင်းအမြစ်များလိုအပ်ချက်ရှိကြောင်း၊ မိမိတို့နိုင်ငံရှိ အလုပ်လုပ်ကိုင်နိုင်သူ ၄ သန်းနှင့်၅ သန်းခန့်သည် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေမှုများရှိကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ယန္တရားများ ပိုမိုအသုံးပြုဆောင်ရွက်ရန် လိုအပ်သဖြင့်


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၃၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၃၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ပြည်တွင်း၌ရှိပြီး အခြေခံစက်ရုံများမှ လယ်ယာသုံးယန္တရားများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်ပမှ တင်သွင်းမှုများကိုလည်း လိုအပ်ချက်များအပေါ်မူတည်၍ ခွင့်ပြုပေးထားကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဆိုသည်။

ထို့အတူ စိုက်ပျိုးသီးနှံများနှင့် ပတ်သက်၍ မြေကို အကျိုးရှိစွာ အသုံးချရန်လိုကြောင်း၊ စိုက်ပျိုးမြေများ မပျက်စီးစေရန်နှင့် လှပ်မြေများ မရှိရန်လိုအပ်ကြောင်း၊ မိုးစပါး၊ နွေစပါး၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံတို့ကို သီးထပ်၊ သီးညှပ်စိုက်ပျိုးရန် လိုကြောင်း၊ စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်ခြင်းဖြင့် တိုင်းပြည်ဝင်ငွေရရှိပြီး စီးပွားရေးကောင်းမွန်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သည့်ရေကို မြစ်ရေတင်လုပ်ငန်းများဖြင့် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပြီး ပုဂ္ဂလိက မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်လိုပါက စိစစ်ခွင့်ပြုပေးမည်ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကဆိုသည်။

**Source:** https://news-eleven.com/article/238566

## ဈေးကောင်းရရှိ၍ ကော်ဖီစိုက်ပျိုးမှု တိုးချဲ့လာ




ပြည်တွင်းမှာ ကော်ဖီအရောင်းအဝယ်သွက်ပြီး ဈေးကောင်းရရှိနေတာကြောင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုတွေ တိုးချဲ့လာကြတယ်လို့ မြန်မာနိုင်ငံကော်ဖီအသင်းကနေ သိရပါတယ်။

ပြီးခဲ့တဲ့နှစ်တွေမှာ ကိုဗစ်ကပ်ရောဂါကြောင့် ကော်ဖီဝယ်လိုအား ကျဆင်းခဲ့ ပေမယ့် ဒီနှစ်မှာ ပြည်တွင်းရော ပြည်ပပါ ဝယ်လိုအားတွေ မြင့်တက်ခဲ့ပြီး ဈေးကောင်းရရှိခဲ့တဲ့အတွက်ကြောင့် စိုက်ပျိုးထုတ်လုပ်မှုတွေ တိုးချဲ့လာကြတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကထက် ၁၀ ရာခိုင်နှုန်းနီးပါး တိုးမြှင့်စိုက်ပျိုးလာတာဖြစ်တယ်လို့ မြန်မာနိုင်ငံကော်ဖီအသင်းရဲ့ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

မြန်မာ့ကော်ဖီက အမေရိကန်၊ ကနေဒါ၊ ဆွစ်ဇာလန်၊ ဒူဘိုင်း၊ တောင်ကိုရီးယား၊ တရုတ် ၊ ဂျပန်၊ ဂျာမနီအပါအဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံလောက်မှာ ဈေးကွက်ရရှိထားတာဖြစ်ပါတယ်။ ကော်ဖီအမျိုးအစားအနေနဲ့ အရည်အသွေးကောင်းတဲ့ အာရေဗီးကားကော်ဖီတွေကို အဓိက စိုက်ပျိုးထုတ်လုပ် တင်ပို့နေတာဖြစ်ပါတယ်။ ရိုဘက်စတာအပါအဝင် တခြားကော်ဖီ အမျိုးအစားတွေလည်း စိုက်ပျိုးထုတ်လုပ်မှုရှိပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ သတင်းအချက်အလက် ထုတ်ပြန်ချက်တွေအရ လက်ရှိမြန်မာနိုင်ငံမှာ ကော်ဖီစိုက်ဧကပေါင်း ၄၉၀၀၀ ခန့်ရှိပြီး တစ်နှစ်ကို ကော်ဖီတန်ချိန်ပေါင်း ၈၀၀၀ ကျော်ထုတ်လုပ်နေပါတယ်။ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုရဲ့ ၉၀ ရာခိုင်နှုန်းခန့်ဟာ အာရေဗီးကားကော်ဖီ အမျိုးအစားဖြစ်ပြီး ရှမ်းပြည်နယ်နဲ့ မန္တလေးတိုင်းဒေသကြီးမှာ အများဆုံးစိုက်ပျိုးထုတ်လုပ်နေတာ ဖြစ်ပါတယ်။ ၁၀ ရာခိုင်နှုန်းခန့်ကိုတော့ ရိုဘက်စတာကော်ဖီအမျိုးအစား စိုက်ပျိုးနေကြတာဖြစ်ပြီး ကရင်ပြည်နယ်မှာ အများဆုံး စိုက်ပျိုးနေတာဖြစ်တယ်လို့ သိရပါတယ်။

၎င်းဆောင်းပါးကို Bloomberg Myanmar မှကူးယူဖော်ပြပါသည်။

**Source:** https://t.me/htwettoe

## ၃.၁၀.၂၀၂၂ မှ ၇.၁၀.၂၀၂၂ နေ့ထိ ဈေးကွက်သုံးသပ်ချက်

**ဆန်၊ စပါး**

ဒီတစ်ပတ်မှာတော့ ရန်ကုန်ဈေးကွက်မှာ ဆန်ဈေးတွေ ကျဆင်းသွားသလို စပါးဈေးတွေလည်း အနည်းငယ်ဈေးကျဆင်းပါတယ်။ နယ်အချို့ကနေလည်း မိုးစပါးအသစ်တွေ ဈေးကွက်ထဲ ဝင်လာနေတဲ့အပြင် ငွေကြေးလဲလှယ်နှုန်းဈေးကျဆင်းသွားတဲ့အတွက် ဈေးကကျဆင်းသွားတာ ဖြစ်ပါတယ်။ ဆန်အဝင်ကတော့ ဈေးကွက်ထဲ အဝင်ပုံမှန်ရှိပြီး အရောင်းအဝယ်ကတော့ အေးနေတယ်လို့သိရပါတယ်။ ရန်ကုန်ဈေးကွက်မှာ ရွှေဘိုပေါ်ဆန်းက တစ်အိတ်ကို ၈၀၀၀၀ ကနေ ၉၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၃၀၀၀ ကျပ်၊ ဆန်ကြမ်းဖြစ်တဲ့ မြီးဒုံးဆန်ကတော့ တစ်အိတ်ကို ၅၀၀၀၀ ကနေ ၅၂၀၀၀

ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀ ကျပ်၊ ဧည့်မထ ၂၅ မှတ်တန်ကတော့ တစ်အိတ်ကို ၃၆၅၀၀ ကနေ ၃၇၅၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၄၅၀၀ ကျပ် ဈေးကျဆင်း သွားပါတယ်။ ပြည်ဈေးကွက်မှာတော့ အင်းမစူပါက တစ်အိတ်ကို ၄၃၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၀၀၀ ကျပ်၊ မှော်ဘီကတော့ တစ်အိတ်ကို ၄၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၀၀၀ကျပ် ဈေးကျဆင်းပါတယ်။ ပေါင်းတည်ဈေးကွက်မှာတော့ ရတနာတိုးစပါးက တင်း ၁၀၀ ကို ၉၅၀၀၀၀ ပေါက်ဈေးရှိပြီး တင်း ၁၀၀ ကို ၁၀၀၀၀ ကျပ်ဈေး ကျဆင်းသွားပါတယ်။

**မတ်ပဲ**

မတ်ပဲကတော့ ဆက်တိုက်ဈေးကျဆင်းနေပါတယ်။ ငွေကြေးဈေးကျဆင်းတဲ့အတွက် ပဲဈေးက ကျဆင်းနေတာဖြစ်ပေမယ့် တင်ပို့မှုကတော့ အိန္ဒိယအဝယ်ရှိနေတဲ့အတွက် ပုံမှန်ရှိနေပါတယ်။ ဈေးကျဆင်းနေတာဖြစ်လို့ ပြည်တွင်းအရောင်းအဝယ်ကတော့ အေးနေတယ်လို့သိရပါတယ်။ ရန်ကုန်ဈေးကွက်မှာ မတ်ပဲက တစ်တန်ကို ၁၈ သိန်းကျော် ပေါက်ဈေးရှိပြီး တစ်တန်ကို ၃၀၀၀၀ နီးပါး ဈေးကျဆင်းပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း တစ်တန်ကို ၂ သိန်းနီးပါး ဈေးကျဆင်းခဲ့ပါတယ်။ မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၁၇၈၀၀၀ ကနေ ၁၈၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၅၀၀၀ ကျပ် ဈေးကျဆင်းပါတယ်။ မြင်းခြံဈေးကွက်၊ မုံရွာဈေးကွက်၊ အောင်လံဈေးကွက်၊ မော်လမြိုင်ဈေးကွက်၊ ပြည်ဈေးကွက်တို့မှာ မတ်ပဲက တစ်တင်းကို ၅၈၀၀၀ ကနေ ၅၉၀၀၀ ကြားပေါက်ဈေးရှိပြီး တစ်တင်းကို ၁၀၀၀ ကနေ ၁၅၀၀ ကြား ဈေးကျဆင်းပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ ဈေးကျဆင်းပေမယ့် လက်ကျန်လျော့နည်းတဲ့အတွက် ဖြေးဖြေးသာ ဈေးကျဆင်းနေပါတယ်။ ငွေဈေးကြောင့် ကျဆင်းနေတာဖြစ်ပြီး အိန္ဒိယဝယ်လိုအားကြောင့် ဈေးကအများကြီး မကျဆင်းနိုင်ဘူးလို့ ကုန်သည်များက ခန့်မှန်းထားသည်။ ရန်ကုန်ဈေးကွက်မှာတော့ ပဲစင်းငုံနီက တစ်တန်ကို ၁၉ သိန်း ၈ သောင်းနီးပါး ပေါက်ဈေးရှိပြီး တစ်တန်ကို ၅ သောင်းလောက် ဈေးကျဆင်းသွားပါတယ်။ မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၁၈၇၀၀၀ ပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၅၀၀၀ ကျပ်ဈေး ကျဆင်းပါတယ်။ နယ်ဈေးကွက်တွေဖြစ်တဲ့ ပခုက္ကူ၊ မြင်းခြံနှင့် မုံရွာတို့မှာတော့ တစ်တင်းကို ၆၀၀၀၀ လောက် ပေါက်ဈေးရှိနေပြီး တစ်တင်းကို ၂၀၀၀ လောက်ဈေးကျဆင်းပါတယ်။

**ကုလားပဲ**

ကုလားပဲကတော့ ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် အနည်းငယ် ဈေးပြန်တက်လာပါတယ်။ လက်ကျန်ပဲရှိနေသေးတဲ့အတွက် ဈေးကွက်အတွင်း ဈေးအမြင့်နဲ့ ဈေးဖွင့်ဝယ်ယူရောင်းချမှုတွေ ပြုလုပ်နေတာဖြစ်လို့ ဈေးတက်လာတာဖြစ်တယ်လို့ ကုန်သည်တွေက ဆိုပါတယ်။ ရန်ကုန်ဈေးကွက်မှာတော့ ကုလားပဲလုံးဖြူက တစ်ပိဿာကို ၃၀၆၅ ကနေ ၃၁၆၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၈၅ ကျပ်၊ ကုလားပဲလုံးဖြူကြီးကတော့ တစ်ပိဿာကို ၃၂၅၀ ကနေ ၃၃၃၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၃၀ ကျပ်၊ ကုလားပဲခြမ်းကတော့ တစ်ပိဿာကို ၄၀၀၀ ကနေ ၄၂၀၀ ပေါက်ဈေးရှိပြီး ၁၀၀ ကျပ် အသီးသီး ဈေးကျဆင်းသွားပါတယ်။

မန္တလေးဈေးကွက်မှာတော့ ကုလားပဲ(ထိုင်ဝမ်)က ၃ တင်းဝင် တစ်အိတ်ကို ၁၇၃၀၀၀ ကနေ ၁၇၅၀၀၀ ပေါက်ဈေးရှိပြီး ၁၀၀၀၀ကျပ်၊ ကုလားပဲ(ဗွီတူး)ကတော့ တစ်အိတ်ကို ၁၉၀၀၀၀ မှ ၁၉၂၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၈၀၀၀ကျပ်၊ ကုလားပဲ(၉၂၉)က တစ်အိတ်ကို ၁၈၀၀၀၀ ပေါက်ဈေးရှိပြီး ၆၀၀၀ ကျပ် ဈေးတက်လာပါတယ်။ ကုလားပဲ(ဗွီဆဲဗင်း)က တစ်အိတ်ကို ၂၀၀၀၀၀ ပေါက်ဈေးရှိပြီး ဈေးငြိမ်ပါတယ်။

ပြည်ဈေးကွက်မှာတော့ ကုလားပဲ(ဟော်လန်)နဲ့ ကုလားပဲ (မြကြေး)က တစ်တင်းကို ၆၄၀၀၀ ကနေ ၆၅၀၀၀ ကြား ပေါက်ဈေးရှိပြီး တစ်တင်းကို ၄၀၀၀ ကျော် ဈေးတက်လာပါတယ်။ မုံရွာဈေးကွက်မှာတော့ ကုလားပဲ(ထိုင်ဝမ်) နဲ့ ကုလားပဲ (929) တို့က တစ်တင်းကို ၅၈၀၀၀ ကနေ ၆၀၀၀၀ ကြား ပေါက်ဈေးရှိပြီး တစ်တင်းကို ၃၀၀၀ ကျပ် ဈေးတက်လာပါတယ်။

**ပဲကြီး**

ပဲကြီးကလည်း ဈေးကျဆင်းပါတယ်။ ပဲကြီးကတော့ ပြည်တွင်းဝယ်ယူအားရှိနေပေမယ့် လက်ရှိပစ္စည်းလက်ကျန်လည်း နည်းတယ်လို့သိရပါတယ်။ ရန်ကုန်ဈေးကွက်မှာတော့ ပဲကြီး(ကုန်း၊ ရွှေကျွန်း)က တစ်ပိဿာကို ၄၁၇၀ မှ ၄၆၀၅

ပေါက်ဈေးရှိပြီး ဈေးငြိမ်ပါတယ်။ မန္တလေးဈေးကွက်မှာတော့ ပဲကြီးကတစ်အိတ်ကို ၂၁၀၀၀၀ ကနေ ၂၄၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၀၀၀၀ ကျပ် ဈေးကျဆင်းပါတယ်။

**ပြောင်းဆန်**

ပြောင်းဆန်ကတော့ ဈေးဆက်တိုက်ကျဆင်းပါတယ်။ အသစ်တွေကလည်း ဈေးကွက်ထဲ ဝင်လာနေပေမယ့် ငွေဈေးကျဆင်းနေတာဖြစ်လို့ အကျဈေးနဲ့ ဝယ်ယူမှုတွေရှိနေတယ်လို့ သိရပါတယ်။ အချို့ဒေသတွေမှာတော့ အရောင်းအဝယ်နည်းနေတယ်လို့ သိရပါတယ်။ ရန်ကုန်ဈေးကွက်မှာတော့ တစ်ပိဿာကို ၁၀၀၀ ကနေ ၁၀၂၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၇၀ ကျပ် ဈေးကျဆင်းပါတယ်။ မန္တလေးဈေးကွက်မှာတော့ စီပီပြောင်းက တစ်အိတ်ကို ၅၀၀၀၀ ကနေ ၅၀၅၀၀ ပေါက်ဈေးရှိပြီး ဈေးငြိမ်ပါတယ်။

**Source: AMIA**

https://t.me/htwettoe

## ဘုရင့်နောင်ကုန်စည်ဒိုင်သို့ မိုးစပါးဝင်ရောက်မှုကြောင့် ဆန်ဈေးအနည်းငယ်ပြန်ကျနိုင်

ယခုရက်ပိုင်းအတွင်း ပြည်တွင်းဒေသအစုံမှ မိုးစပါးများ ထွက်ရှိလာသည့်အတွက် ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆန်နှင့် ဆန်ကွဲဝင်ရောက်မှု ယခင်ထက် နှစ်ဆခန့် မြင့်တက်လာသောကြောင့် ဆန်ဈေးအနည်းငယ် ပြန်ကျလာနိုင်ကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း (ဘုရင့်နောင်ကုန်စည်ဒိုင်)က သိရသည်။

ပြီးခဲ့သည့် စက်တင်ဘာလ နောက်ဆုံးပတ်က ယင်းကုန်စည်ဒိုင်သို့ တစ်ရက်လျှင် ဆန်နှင့် ဆန်ကွဲဝင်ရောက်မှု အိတ်ရေ ၅၀၀၀၀ ခန့်သာရှိသော်လည်း အောက်တိုဘာ ၃ ရက်တွင် အိတ်ရေ ၁၀၀၀၀၀ ခန့်အထိ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ပြည်ပတင်ပို့သည့် ဆန်နှင့်ဆန်ကွဲဈေးနှုန်းများမှာ ပြည်ပငွေလဲလှယ်နှုန်း အတက်၊ အကျပေါ်မူတည်၍ ဈေးနှုန်း အပြောင်းအလဲဖြစ်နိုင်ပြီး ဈေးကွက်အတွင်း ပြည်ပတင်ပို့ရန် ဝယ်လိုအားရှိသော်လည်း ငွေလဲနှုန်းများ အကျဘက်သို့ ရောက်နေသည့်အတွက် ဈေးနှုန်းကျဆင်းနေခြင်းဖြစ်ကြောင်း သိရသည်။ ပြည်တွင်းဆန်ဈေးမှာ ပွဲရုံများတွင်သာ ကျဆင်းလာနေသော်လည်း လက်လီဈေးကွက်အတွင်းတွင် ဈေးနှုန်းကျဆင်းလာခြင်းမရှိသေးကြောင်း သိရသည်။

**Source:** http://sdtimedaily.com/

## ရွှေအသင်း၏အစီအစဉ်ဖြင့် ရွှေအရောင်းပွဲတော်ပြုလုပ်မည်

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA)၏ အစီအစဉ်ဖြင့် ရွှေအရောင်းပွဲတော် ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါအသင်းမှ သိရသည်။ အောက်တိုဘာ ၈ ရက် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ မီးလင်းအခေါက်ရွှေ အတုံးအခဲ ၁၀ ပိဿာကျော်ကို အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ အသင်းရုံးတွင် ရောင်းချပေးမည်ဖြစ်ပြီး YGEA အသင်းသူ၊ အသင်းသားများမှအပ မည်သူမဆို လွတ်လပ်စွာဝယ်ယူနိုင်ကြောင်း သိရသည်။ ရွှေဝယ်ယူလိုသူများအနေဖြင့် မှတ်ပုံတင်နှင့်သန်းခေါင်စာရင်းမိတ္တူတစ်စုံစီ ယူဆောင်လာရမည်ဖြစ်ကာ တစ်ဦးလျှင် ရွှေတစ်ကျပ်သားမှ တစ်ဆယ်ကျပ်သားအထိ ငွေလက်ငင်းချေစနစ်ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရွှေတံဆိပ်အသစ်ဖြင့် ဈေးကွက်သို့ ဝင်ရောက်လိုသူများအနေဖြင့် ရွှေအသင်း၏ ရွှေအရောင်းပွဲတော်တွင် ပါဝင်ရောင်းချလိုပါက ရွှေအသင်းရုံးတည်ရှိရာ အမှတ် ၄၂/ ၅၀၊ ပထမထပ်၊ ရွှေဘုံသာလမ်း (အောက်)၊ ပန်းဘဲတန်းမြို့နယ်သို့ ရုံးချိန်အတွင်း လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အဆိုပါ ရွှေရောင်းချသည့်အစီအစဉ်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ အစီအစဉ် မဟုတ်ဘဲ ရန်ကုန်တိုင်းရွှေအသင်း အမှုဆောင်များက ထုတ်ရောင်းပေးခြင်းဖြစ်ကြောင်း သိရသည်။

Source: http://sdtimedaily.com/

## အာရှဆန်များ တစ်ပတ်တာ ဈေးအတက်အကျအခြေအနေ



https://www.foodindustrydirectory.com.mm

ဗီယက်နမ်ဆန်တင်ပို့မှု အားကောင်းသည့် ဝယ်လိုအားကြောင့် ယခုသီတင်းပတ်အတွင်း ဈေးနှုန်းများ မြင့်တက်ခဲ့သည်။ ၅ % ဆန်ကွဲပါ ဗီယက်နမ်ဆန် <RI-VNBKN5-P1> ယခင်အပတ်က တစ်တန်ခေါ်ဈေး $420-$425 ရှိခဲ့ပြီး ယခု သီတင်းပတ်တွင် $425-$430 သို့ မြင့်တက်လာခဲ့သည်။ ဗီယက်နမ်ဆန် အများဆုံးဝယ်ယူသော ဖိလစ်ပိုင်သည် မုန်တိုင်းများ ထိထားသဖြင့် ဗီယက်နမ်ဆန်ကို ပိုမိုဝယ်ယူကြလိမ့်မည်ဟု ကုန်သည်များက မျှော်လင့်ထားသည်။

ဆန်သစ်ပေါ်ချိန် ကုန်ဆုံးပြီ ဖြစ်သဖြင့် ပြည်တွင်းမှ ဆန်ထပ်တိုးပြီး ရရှိနိုင်ခြင်း မရှိတော့ချေ။ သို့ဖြစ်ရာ ပို့ကုန်ဆန် ခေါ်ဈေးနှုန်းများလာမည့် သီတင်းပတ်တွင် မြင့်တက်နိုင်သည်။ ၅ % ဆန်ကွဲပါ အိန္ဒိယဆန် <RI-INBKN5-P1> အမျိုးအစား ပေါင်းဆန်ဈေးနှုန်း ယခင်သီတင်းပတ်တွင် တစ်တန် $376-$384 ရှိခဲ့ပြီး ယခုသီတင်းပတ်တွင် $374-$382 သို့ ကျဆင်းသည်။ ၅ % ဆန်ကွဲပါ ထိုင်းဆန် <RI-THBKN5-P1> ယခင် သီတင်းပတ်တွင် တစ်တန် $422-$435 ရှိခဲ့ပြီး ယခုသီတင်းပတ်တွင် $415-$425သို့ ကျဆင်းသည်။ လောလောဆယ် အဝယ်အေးနေသည်။

Source:Reuters

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/5111-asia-rice.html

## ယခုနှစ် ထိုင်းပုစွန် အထွက်လျော့နည်း



https://www.foodindustrydirectory.com.mm

ယခုနှစ်တွင် ထိုင်းပုစွန် အထွက်လျော့နည်းသည်။ ကျားပုစွန် black tiger နှင့် ခြေဖြူ whiteleg ပုစွန်တို့ကို အဓိကအားဖြင့် ပြည်ပတင်ပို့သည်။ ပုစွန်ကန်များ ရောဂါကူးစက်သဖြင့် အရွယ်မရောက်ခင် ပုစွန်သေဆုံးမှု များပြားနေခဲ့သည်မှာ ၁၀ နှစ်ကျော် ရှိနေပြီဖြစ်သည်။ ယခုနှစ်တွင် မက်ထရစ်တန်ချိန် ၂၇၀,၀၀၀ ထုတ်နိုင်မည်ဟု ခန့်မှန်းထားသည်။

၂၀၁၁ ဝန်းကျင်တွင် မက်ထရစ်တန်ချိန် ၆၀၀,၀၀၀ ထုတ်လုပ်နိုင်ခဲ့သည်နှင့် ယှဉ်ကြည့်လျှင် ထက်ဝက်ကျော် လျော့နည်းနေသည်။ ထိုင်းနိုင်ငံသည် ၂၀၁၂ အထိ ကမ္ဘာ့ပုစွန်အများဆုံး တင်ပို့သည့်နိုင်ငံဖြစ်ခဲ့သည်။ ၂၀၁၆ တွင် အိန္ဒိယနှင့် အီကွေဒေါ တို့၏ နောက်သို့ ထိုင်းနိုင်ငံ ရောက်ရှိသွားသည်။ ၂၀၂၂ ဩဂုတ်လတွင် အိန္ဒိယနှင့်အီကွေဒေါတို့ထံမှ ပုစွန်တန်ချိန် ၁၀,၀၀၀ ကို ထိုင်းနိုင်ငံ တင်သွင်းခဲ့သည်။

ပြည်တွင်း ပုစွန်မွေးမြူရေးလုပ်ငန်းငယ်များ မထိခိုက်စေအောင် ထိုင်းပြည်တွင်း ပုစွန်ဈေးနှုန်းမကျစေဘဲ ပြည်ပမှ ပုစွန်တင်သွင်းခြင်းဖြစ်ကြောင်း ထိုင်းပုစွန်လုပ်ငန်းရှင်များအသင်းက ပြောကြားခဲ့သည်။ ပြည်တွင်း ပုစွန်မွေးမြူရေးလုပ်ငန်းငယ်များအတွက် အနည်းဆုံးဈေး တစ်ကီလိုဂရမ် ဘတ် ၁၁၉~၁၈၀ ($3.16~$4.75) ရရှိရန် အာမခံချက်ပေးထားသည်။ ထိုင်းပုစွန်လုပ်ငန်းရှင်များအသင်း Thai Shrimp Association ၏ အဆိုအရ ထိုင်းပုစွန်ကို အမေရိကန်သို့ အများဆုံး တင်ပို့သည်။ ဂျပန်သို့ ဒုတိယအများဆုံးတင်ပို့သည်။

Source: asia.nikkei

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/5114-thai-shrimp.html

## အဆမတန်ကြီးထွားလာနေတဲ့ တရုတ်ပြည်တွင်း ဒူးရင်းဈေးကွက်

အရှေ့တောင်အာရှ "အသီးများ၏ဘုရင်" ဖြစ်သော ဒူးရင်းသီးကို တရုတ်နိုင်ငံတွင် စားသုံးမှုအရှိန်အဟုန်ဖြင့် မြင့်တက်လာပြီး တရုတ်နိုင်ငံ အသီးတင်သွင်းမှုတွင် ပမာဏနှင့်တန်ဖိုး နှစ်မျိုးစလုံးအရ ထိပ်ဆုံးမှာ ရောက်ရှိနေပါတယ်။ ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP)ကြောင့် အရှေ့တောင်အာရှနိုင်ငံများက တရုတ်နိုင်ငံသို့ လတ်ဆတ်အသီးများ



https://www.foodindustrydirectory.com.mm

တင်သွင်းရန် လွယ်ကူနေပါတယ်။ ယူနန်ပြည်နယ် စစ်ဆောင်ပနမြို့သို့ အရှေ့တောင်အာရှထံမှ ဒူးရင်းသီးများ အများဆုံးရောက်ရှိပါတယ်။ ဒူးရင်းသီး အမျိုးမျိုးစုံလင်ပါတယ်။ မြို့မှ သစ်သီးဝလံလက်ကားဈေးမှာ ခရီးသွားရာသီ အထွတ်အထိပ်ရောက်ချိန်မှာ တစ်နေ့လျှင် ဒူးရင်းသီး တစ်တန်ဝန်းကျင် အရောင်းအဝယ်ဖြစ်ပါတယ်။

တရုတ်နိုင်ငံက လတ်ဆတ်ဒူးရင်းသီးများကို ၂၀၂၁ မှာ တန်ချိန် ၈၂၁,၆၀၀ တင်သွင်းခဲ့ပါတယ်။ သွင်းကုန်ဒူးရင်းသီး စုစုပေါင်းတန်ဖိုး ကန်ဒေါ်လာ ၄.၂၀၅ ဘီလီယံ ဖြစ်ပါတယ်။ ၂၀၁၇ ထက် ၄ ဆနီးပါး ကြီးထွားလာခဲ့ပါတယ်။ လက်ရှိမှာလည်း အရှိန်အဟုန်ဖြင့် ဆက်လက်ကြီးထွားနေဆဲ ဖြစ်ပါတယ်။

ခရင်မ်စားရတဲ့ အရသာမျိုးဖြစ်ပြီး အာဟာရဓာတ်တန်ဖိုး မြင့်မားပြီး တရုတ်လူမျိုးများ နှစ်သက်တဲ့အရသာ ဖြစ်ပါတယ်။ ဒူးရင်းသီးကို ဒူးရင်းကိတ်၊ ဒူးရင်းနို့၊ ဒူးရင်းပီဇာ၊ ဒူးရင်းဟော့ပေ့ါစသဖြင့် မျိုးစုံဖန်တီးပြီး စားကြပါတယ်။ တရုတ်နိုင်ငံက ဒူးရင်းသီး အဝယ်လိုက်သဖြင့် ဒူးရင်းထုတ်လုပ်တဲ့နိုင်ငံတွေမှာ ဒူးရင်းကို တိုးချဲ့ထုတ်လုပ်ကြပါတယ်။ ၂၀၂၁ မှာ ထိုင်းနိုင်ငံမှာ ဒူးရင်းတန်ချိန် ၁.၂၉ သန်း ထုတ်လုပ်ပါတယ်။ ၂၀၁၉ ထက် ၃၀% ပိုများပါတယ်။ တရုတ်ဒူးရင်းဈေးကွက်ထဲမှာ ဈေးအမြင့်ဆုံး ပရီမီယံ ဒူးရင်းသီးက မလေးရှားမှ "Musang King" ဒူးရင်းသီး ဖြစ်ပါတယ်။

**Source: nikkei asia**

https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/5112-durain.html

## စစ်ကိုင်းတိုင်းဒေသကြီး၊ မိုးသီးနှံ(အစေ့ထုတ်ပြောင်း) စိုက်ပျိုးပြီးစီးမှု အခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အောက်တိုဘာလကုန်အထိ မိုးသီးနှံ (အစေ့ထုတ်ပြောင်း) ဧကပေါင်း (၁သိန်း ၆သောင်း)ခန့် စိုက်ပျိုးပြီးစီးကြောင်းသိရပါသည်။ ကန့်ဘလူခရိုင်မှ အများဆုံးစိုက်ပျိုးပြီး ဧက(၁၀၃၄၇၂)၊ နာဂဒေသ ဧက(၁၈၈၇၄)၊ ကလေးခရိုင် ဧက(၁၇၃၇၈)၊ ရွှေဘိုခရိုင် ဧက(၇၇၁၇)၊ ရွှေဘိုခရိုင် ဧက(၃၈၄၀)၊ စစ်ကိုင်းခရိုင် ဧက(၂၉၁၃)၊ မုံရွာခရိုင်၊ ကသာခရိုင်နှင့် ကောလင်းခရိုင်တို့၌လည်း ဧကအနည်းငယ်စီ စိုက်ပျိုးလျှက်ရှိကြောင်း သိရသည်။

စက်တင်ဘာလကုန်တွင် မုံရွာကုန်စည်ဒိုင်၌ ဖြစ်ပေါ်ခဲ့သော ပြောင်းသီးနှံဈေးနှုန်းများမှာ CP ပြောင်း တစ်တင်း ၁၆၅၀၀ ကျပ်၊ ဆန်ပြောင်းဖြူတစ်တင်း ၁၈၅၀၀ ကျပ် ပေါက်ဈေးရှိပြီး ယခင်နှစ် ကာလတူအချိန်နှင့် နှိုင်းယှဉ်ပါက တစ်တင်း (၃၅၀၀ မှ ၅၀၀၀)ကျပ်ထိ ဈေးမြင့်လာကြောင်းသိရပါသည်။

**Source:** ဖေယျာကုန်သွယ်မှုဗဟိုဌာန

## ဈေးအကျဘက်တွင်ဆက်ရှိနေသည့် မတ်ပဲ

ယခင်သီတင်းပတ်အတွင်း ဈေးငြိမ်နေခဲ့တဲ့ မတ်ပဲဈေးနှုန်းများဟာ ယခုသီတင်းပတ်အတွင်းမှာ ပြည်တွင်းငွေကြေးဈေးနှုန်းအရ ဈေးဆက်လက်ကျဆင်းလာတာကို တွေ့ရပါတယ်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်ခဲ့တဲ့ တပတ်အတွင်း မတ်ပဲဈေးနှုန်းများကတော့ စက်တင်ဘာ ၂၉ ရက်နေ့မှာ မတ်ပဲတစ်တင်းလျှင် ကျပ် ၆၂၀၀၀၊ ၃၀ ရက်နေ့မှာ ကျပ် ၆၁၅၀၀၊ အောက်တိုဘာလ ၁ ရက်နေ့မှာ ကျပ် ၅၈၀၀၀၊ ၂ ရက်နေ့မှာ ကျပ် ၅၉၀၀၀၊ ၃ ရက်နေ့မှာကျပ် ၆၀၃၀၀ ၊ ၄ ရက်နေ့မှာ ကျပ် ၆၀၅၀၀၊ ၅ ရက်နေ့မှာ ကျပ် ၆၀၄၀၀၊ ၆ ရက်နေ့မှာ ကျပ် ၆၀၂၀၀ အသီးသီးဖြစ်ခဲ့ပါတယ်။

အောက်တိုဘာလ ၁ ရက်နေ့ ငွေကြေးဈေးနှုန်းအနည်းငယ် ရုတ်တရက်ပြန်တက်လာချိန်မှာ မတ်ပဲအပါအဝင် ပဲမျိုးစုံရဲ့ ဈေးနှုန်းတွေလည်း ကျဆင်းလာပြီး မတ်ပဲဟာ တစ်တင်းဈေးနှုန်း ကျပ် ၆၀၀၀၀ အောက်ကိုရောက်ရှိခဲ့ပါတယ်။ နောက်ရက်တွေမှာ ကျပ် ၆၀၀၀၀ အထက်ပြန်ရောက်ခဲ့ပေမယ့် ကျပ် ၆၀၀၀၀ စွန်းစွန်းမှာပဲ ဆက်လက်ရှိနေတာကို တွေ့ရပါတယ်။

အဓိက ဝယ်လက်နိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံမှာလည်း မိုးစိုက်မတ်ပဲအသစ်တွေ ဈေးကွက်အတွင်း ဆက်တိုက်ဝင်ရောက်နေပြီးတော့ ချနိုင်းနဲ့ မွန်ဘိုင်းဈေးကွက်မှာ တစ်ကွမ်တယ်ကို Rs 50-75 တက်လာတာကလွဲလို့ ကျန်ပြည်နယ်များမှာ

ဈေးငြိမ်နေတာတွေ့ရပါတယ်။ ဒေလီဈေးကွက်မှာတော့ မတ်ပဲ SQ ရော FAQ ရော ဈေးကျလျှက်ရှိပါတယ်။ မြန်မာမတ်ပဲ တင်ပို့မှုကတော့ ပုံမှန်အတိုင်းသာရှိနေပြီး မတ်ပဲအရောင်းအဝယ်ကတော့ တက်ဈေးမှာရောကျဈေးမှာပါ အရောင်းအဝယ် အေးနေကြောင်းသိရှိရပါတယ်။

**Source:** ရောကုန်သွယ်မှုဗဟိုဌာန

## STOCK EXCHANGE (11.10.2022)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 11th Oct. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,400 | -200 | -2.08% | 9,600 | 9,600 | 9,400 | 1,999 | 18,835,800 | 33,109,694 | 311,231 |
| MTSH | 00002 | 3,550 | +0 | +0.00% | 3,500 | 3,550 | 3,500 | 6,698 | 23,483,050 | 38,929,150 | 138,198 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 155 | 1,209,000 | 10,400,986 | 81,128 |
| FPB | 00004 | 21,000 | +1,000 | +5.00% | 20,000 | 21,000 | 20,000 | 658 | 13,590,500 | 2,472,053 | 51,913 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 294 | 823,200 | 12,823,224 | 35,905 |
| EFR | 00006 | 2,700 | -50 | -1.82% | 2,700 | 2,750 | 2,700 | 305 | 823,550 | 19,977,223 | 53,939 |
| AMATA | 00007 | 5,200 | +200 | +4.00% | 5,200 | 5,200 | 5,200 | 8 | 41,600 | 10,497,598 | 54,588 |


### Market summary

As of 11th Oct. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 417.85 | -1.75 | -0.42% | 420.81 | 421.66 | 417.85 | 10,117 | 58,806,700 | 7 | 726,902 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 11th Oct. 2022

| MYANPIX | 417.85 ▼ 1.75 |
|---|---|
| Total Volume (shares) | 10,117 |
| Total Value (MMK) | 59 mil |
| Listed Company | 7 |
| Market Cap. (MMK) | 726,902 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,400 | ▼ 200 |
| MTSH | 00002 | 3,550 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 21,000 | ▲ 1,000 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 2,700 | ▼ 50 |
| AMATA | 00007 | 5,200 | ▲ 200 |

TIR

TIR